## ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အမြတ်အစွန်းရရှိမည့် နွားနောက်မွေးမြူရေး

--- ဦးငြိမ်းချမ်း ---



သဘာဝမှရရှိသော အရင်းအမြစ်များ ရှားပါးနေပြီ ဖြစ်သောကြောင့် မွေးမြူရေးပိုင်းကို မြှင့်တင်မှသာ ပို့ကုန်လုပ်ငန်းများလည်း တိုးတက်လာမှာဖြစ်ပါသည်။ယခုအချိန်တွင် ချင်းပြည်နယ်သည် မွေးမြူရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသကြီးတစ်ခုဖြစ်ရာ မွေးမြူရေးလုပ်ငန်းမှ ပြည်ပဈေးကွက်အတွင်း၌ ရောင်းချရန်အတွက်ပြည်ပပို့ကုန် အလားအလာ အကောင်းဆုံးလုပ်ငန်းတစ်ခုဖြစ်သော အသားစား နွားနောက်မွေးမြူရေးအား စီးပွားဖြစ် မွေးမြူနိုင်ပါသည်။

လက်ရှိတွင် တောင်ပေါ်ဒေသများ၌ အသားစားနွားနောက်မွေးမြူမှု မဖွံ့ဖြိုးသေးသည့်အတွက် အမဲသားထုတ်လုပ်မှုနည်းပါးကာ ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လျှက်ရှိသည်။ အသားစားနွားနောက် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာရန် နိုင်ငံတော်မှကူညီပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ကောင်းများလည်း ပေါ်ပေါက်လာနိုင်ကြောင်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းအတွက် လိုအပ်ချက်တစ်ခုဖြစ်သော ပြည်ပမှတင်သွင်းသည့် အမဲသားများကို အစားထိုးနိုင်မည့် သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ်ပေါ်ထွန်းလာစေနိုင်ပါသည်။ နွားနောက်မွေးမြူသူများအတွက် လက်ရှိတွင် အသားစားနွားနောက်မွေးမြူရန် မြန်မာ့ဒေသနှင့်ကိုက်ညီပြီး အသားအထွက်နှုန်းတိုးမည့် အသားစားနွားနောက်မျိုးကို တိုးချဲ့မွေးမြူသင့် ပါသည်။ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မွေးမြူရေးလုပ်ငန်းသစ်များကို တိုးချဲ့လုပ်ကိုင်ရန်နှင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်များ တိုးပွားလာခြင်း၊ ဝင်ငွေတိုးပွားလာခြင်းဖြင့် ဆင်းရဲမှုလျော့ကျ နိုင်မည်ဖြစ်သည်။မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်အဆင့်သို့ကူးပြောင်း နိုင်ရန်နှင့်စီးပွားဖြစ် ကုန်ထုတ်လုပ်ငန်းကြီးများ စနစ်တကျလုပ်ကိုင်ကြရန် လိုအပ်ပါသည်။

စားကျက်မြေရှားပါးမှုနှင့် အတူမြေနေရာအခက်အခဲကြောင့် အချို့ဒေသများတွင်နွားနောက် မွေးမြူရန်အတွက် အခက်အခဲရှိပါသည်။တောင်ပေါ်ဒေသသည် နွားနောက်မွေးမြူရန်စားကျက်မြေများ အလွန်ကောင်းသော နေရာဒေသဖြစ်ပါသည်။ယေဘုယျအားဖြင့် နွားနောက်သည် အအေးကြိုက်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်

ခြင်း၊ မွှားဒဏ်ခံနိုင်ခြင်း၊ သန်းဒဏ်ခံနိုင်ခြင်းတို့ ခံနိုင်ရည်ရှိပါသည်။ နွားနောက်မတစ်ကောင်သည် တစ်ကြိမ်သားပေါက်လျှင် နှစ်ကောင်ပေါက်နိုင်သည်။

ချင်းပြည်နယ်သည် ရေမြေသဘာဝနှင့်ကိုက်ညီသော တိရစ္ဆာန်များမွေးမြူခြင်းဖြင့် လူမှုစီးပွားရေးမြင့်မားအောင် ဆောင်ရွက်သည့်အနေဖြင့်လည်းကောင်း၊ သားငါးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်မကျရအောင် ရည်ရွယ်၍လည်းကောင်း နွားနောက်မွေးမြူခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုအခါဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။ အဆိုပါ နွားနောက်မွေးမြူရေးမှာ ချင်းရိုးရာဓလေ့ မိရိုးဖလာအဖြစ်မွေးမြူလာကြခြင်းဖြစ်ပြီး မင်္ဂလာဆောင်ရာတွင် သတို့သားမှသတို့သမီးအား နွားနောက်အရေအတွက်အနည်းအများဖြင့်တင်တောင်းကြသော ဓလေ့ကို "အတွင်းပိုးပေးခြင်း" ဟု ခေါ်ဝေါ်လေ့ရှိသည်။

နွားနောက်သည် မြေပြန့်ဒေသရှိနိုင်းနွား၊ နိုင်းကျွဲတို့ထက် အကောင်ကြီးပြီး လွတ်ကျောင်းစနစ်ဖြင့်မွေးမြူရသည့်အတွက် ကျွေးမွေးစရိတ် အကုန်အကျသက်သာသည်။ ချင်းပြည်နယ်အနှံ့အပြား တီးတိန်၊ ဖလမ်း၊ ဟားခါး၊ တွန်းဇံ၊ ထန်တလန်၊ မင်းတပ်၊ မတူပီ စသည့်မြို့တို့၌ အသားစားရန်အတွက် စီးပွားဖြစ်မွေးမြူကြပြီး နွားနောက်တစ်နှစ်ခွဲတစ်ကောင်လျှင် ကာလတန်ဖိုး ငွေကျပ်သုံးသိန်းဖြင့်လည်းကောင်း၊ နှစ်နှစ်သားမှသုံးနှစ်သား တစ်ကောင်လျှင် ကာလတန်ဖိုး ငွေကျပ်လေးသိန်းခန့်ဖြင့်လည်းကောင်း၊ ခြောက်နှစ်သားမှအထက်ကို ငွေကျပ်ခုနစ်သိန်းမှ ရှစ်သိန်းခန့်အထိလည်းကောင်း၊ နွားနောက်သားခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ခန့်အထိ လည်းကောင်းဈေးကောင်းရရှိကာ စီးပွားဖြစ် တွက်ခြေကိုက်သော မွေးမြူရေးလုပ်ငန်းအကျိုးအမြတ်ဖြစ်ထွန်းသဖြင့် ချင်းတောင်တန်းဒေသနေ ပြည်သူများမွေးမြူသင့်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။